Chin National Front
General Headquarters
Chinland

www.chinland.org

## ဆရာတော်ဦးသုနန္ဒာ ပစ်သတ်ခံရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းထုတ်ပြန်ချက်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ကိုးကွယ်ယုံကြည်သော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ မူဆလင် ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားဘာသာရပ်များ၏ လွတ်လပ်စွာယုံကြည်ကိုးကွယ်ပိုင်ခွင့်များကို အာဏာပိုင်အဖွဲ့အစည်းများက ပိတ်ပင်ဟန့်တားခြင်း မပြုရန် နှင့် ဘာသာရေးနှင့် နိုင်ငံရေးကို သီးသန့်ခွဲခြား၍ ရှုမြင်သုံးသပ်ကြရန် တိုက်တွန်းချက်များကို ချင်းအမျိုးသားတပ်ဦးမှ ပြည်သူလူထုထံ အကြိမ်ကြိမ်ဟောပြောလာခဲ့သည့်အပြင် ကျေညာချက်များထုတ်ပြန်၍ ဖြန့်ဝေခဲ့သည်မှာ အများပြည်သူအသိပင်ဖြစ်ပါသည်။ စစ်အုပ်စု၏ ဘာသာရေးဖိနှိပ်မှုမျိုးစုံကို အင်အားသုံး၍ ဖြေရှင်းခြင်းကို ချင်းအမျိုးသားတပ်ဦးက မည်သည့်အခါမျှ မပြုလုပ်ခဲ့ဘူးသည့်အပြင် ထိုသို့ပြုလုပ်ရန် လည်းသဘောထားမရှိပါ။

ဘာသာရေးလွတ်လပ်ခွင့်ကို အလေးအနက်ထားသော ချင်းအမျိုးသားတပ်ဦး အနေဖြင့် ချင်းလဲန်အတွင်းရှိ (Tlangrua) ကျေးရွာအနီးတွင် ၁၉၉၉–ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့၌ ဗုဒ္ဓဘာသာဘုန်းကြီးတပါးဖြစ်သော ဆရာတော်ဦးသုနန္ဒာအား လက်နက်ကိုင် လူတစု၏လက်ချက်ဖြင့် အပစ်သတ်ခံရခြင်း သတင်းကြားသိရ၍ အထူး ဝမ်းနည်း ကြေကွဲမိပါသည်။ တချိန်တည်းတွင် ဤလုပ်ရပ်ကို အပြင်းအထန် ကန့်ကွက်ရှုတ်ချလိုက်ပါသည်။

ဤလုပ်ရပ်နှင့်ပတ်သက်၍ မြန်မာစစ်အုပ်စု၏ပြန်ကြားရေးကော်မီတီမှ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ(၁၁) ရက်နေ့ ရက်စွဲဖြင့် **Burma net** ၌ ထုတ်ပြန်ချက်ပြုလုပ်ရာတွင် ချင်းအမျိုးသားတပ်ဦး၏လုပ်ရပ်ဖြစ်သည်ဟု ဗုဒ္ဓဘာ သာယုံကြည်သော ပြည်သူများ အကြား ရန်တိုက်ပေးရန် စစ်အုပ်စုမှ အားထုတ်သော လုပ်ရပ်သာဖြစ်သည်ဟု ချင်းအမျိုးသားတပ်ဦးက ရှုမြင်ပါသည်။ ဤလုပ်ရပ်တွင် ချင်းအမျိုးသားတပ်ဦး လုံးဝပတ်သက်ခြင်း မရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာစစ်အုပ်စုက မတရားဖွဲ့စည်းတည်ထောင်သော စစ်အစိုးရ၏ လူအခွင့်အရေးချိုးဖောက်မှုများနှင့် ပြည်သူ့ဒီမို ကရေစီအခွင့်အရေး ပိတ်ပင်တားဆီးခြင်းမျုးကို ဆန့်ကျင်တော်လှန်၍ တိုက်ပွဲဝင်နေသော ချင်းအမျိုးသားတပ်ဦး အနေဖြင့် နိုင်ငံသားများ၏ ဘာသာရေး ဆိုင်ရာ လွတ်လပ်ခွင့်များကို မည်သို့မျှ တိုက်ခိုက်ဖျက်ဆီးခြင်းပြုလုပ်မည် မဟုတ်ပေ။ တိုင်းရင်းသားပြည်သူတရပ်လုံး၏ဘုံရန်သူ ထောက်လှမ်းရေး ဗိုလ်ခင်ညွှန့်ဦးဆောင်သော မြန်မာစစ်အုပ်စု အစိုးရ၏အမျိုးမျိုးသော ရန်တိုက်ပေးမှု ပရိယာယ်များကို သတိရှိရှိကိုင်တွယ်လျက် ပြည်သူလူထုဘေးကင်းလုံခြုံရေး ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့။ ဗဟိုကော်မီတီ

Chin National Front – General Headquarters, Chinland